BURMESE

2024-02-15

# 'ကြင်နာမှု၊ အံ့သြစရာ' - DSA စီမံခန့်ခွဲရေးလက်ထောက်အား DCSD ပညာရေးဆိုင်ရာ ပံ့ပိုးကူညီမှု ပရော်ဖက်ရှင်နယ်၏ တစ်နှစ်တာအကောင်းဆုံးအဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်း

Ms. Donna Howard ၏ DeKalb အနုပညာကျောင်း (*DSA*) မှ အလုပ်ရာထူးသည် "စီမံခန့်ခွဲရေးလက်ထောက်" ဖြစ်ကောင်းဖြစ်နိုင်သော်လည်း သူမ၏ရာထူးမှာ အုပ်ချုပ်ရေးပိုင်းတွင် ကူညီရုံမျှမကဘဲ ထို့ထက် ကျော်လွန်ပါသည်။ သူမသည် ကျောင်းဝန်ထမ်းများ၊ ကျောင်းသားများ၊ မိဘများ၊ အခြားသော ကျောင်းလုပ်ဖော်ကိုင်ဖက်များနှင့် လိုအပ်သည့်အရာအားလုံးကို စိတ်ချယုံကြည်စွာ ပံ့ပိုးပေးပါသည်။

အခြားသူများကိုကူညီရန် သူမ၏ကတိကဝတ်သည် သူမအား DeKalb ကောင်တီ ခရိုင်ကျောင်း (*DCSD*) 2023-2024 ခုနှစ် တစ်နှစ်တာ အကောင်းဆုံး ပညာရေးဆိုင်ရာပံ့ပိုးကူညီမှု ပရော်ဖက်ရှင်နယ် I ဘွဲ့ကို ရရှိခဲ့သည်။ ပြီးခဲ့သည့် ဆောင်းရာသီတွင် ခရိုင်၏ 10 ကြိမ်မြောက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာရေးထူးချွန်ဆုပေးပွဲ၌ ဆုချီးမြှင့်ခံရပြီး အသိအမှတ်ပြုဂုဏ်ပြုခံရခြင်းအတွက် အံ့သြနေဆဲဖြစ်ပါသည်။

"ဒီဂုဏ်ထူးဆောင်ဘွဲ့ကို လက်ခံရရှိခြင်းဟာ ကောင်းကြီးမင်္ဂလာအဖြစ်ခံစားရပါတယ်" ဟု သူမက ဆိုသည်။ "ကျွန်မရဲ့ DeKalb ကျောင်းတွေမှာ ကျင့်ဝတ်နဲ့ အပ်နှံမှု အလုပ်အတွက် အသိအမှတ်ပြု ခံရတာကို ကျွန်မရဲ့အောင်မြင်မှုကို ခံစားရစေပါတယ်။"

Ms. မစ္စ Howard သည် မူလတန်းကျောင်း မီဒီယာစာရေးအဖြစ် 2007 ခုနှစ်တွင် DCSD သို့ဝင်ရောက်ခဲ့သည်။ ထိုအချိန်၌ သူမသည် စာကြည့်တိုက် လုပ်ငန်းများကို လေ့လာရန် ရာထူးကို လျှောက်ထားခဲ့သည်။

"မီဒီယာ ကျွမ်းကျင်သူတွေ၊ ဝန်ထမ်းတွေရော၊ ကျောင်းသားတွေနဲ့ပါ တွဲလုပ်ရတာ ကျွန်မ သဘောကျတယ်။ ဒီတာဝန်ဝတ္တရားက ကျောင်းအဆောက်အဦးမှာ အမျိုးမျိုးသော အခန်းကဏ္ဍနဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို အပြည့်အဝ လေ့လာသိရှိနားလည်နိုင်စေတယ်လို့ အခိုင်အမာခံစားရပါတယ်" ဟု Ms. Howard က ပြောဆိုခဲ့ပါသည်။ "ကျွန်မရဲ့ မီဒီယာစာရေးရာထူးကို ခရိုင်အတွင်းမှာ တခြားအခွင့်အရေးတွေ ပေးစွမ်းနိုင်စေဖို့အတွက် အုတ်မြစ်အဆင့်တစ်ခုလို့ ကျွန်မ မြင်တယ်။"

မီဒီယာစာရေးအဖြစ် နှစ်အနည်းငယ်ကြာ အမှုထမ်းပြီးနောက် သူမသည် DSA တွင် စီမံခန့်ခွဲရေးလက်ထောက်တစ်ဦးဖြစ်လာပြီး ထိုနေရာတွင် 14 နှစ်အထိ အလုပ် လုပ်ခဲ့ပါသည်။ သူမသည် ဤတာဝန်ကိုထမ်းဆောင်ရခြင်း၏ အကြောင်းရင်းအဖြစ် အခြားသူများကို ကူညီရန် စိတ်အားထက်သန်မှုနှင့် အပ်နှံမှုကို ရှင်းပြခဲ့သည်။

"ကျွန်မက ကိုယ့်ကို တခြားသူတွေ ဆက်ဆံစေလိုတဲ့အတိုင်းဘဲ သူတပါးကို ထို့အတိုင်း အမြဲဆက်ဆံပါ ဆိုတဲ့ ခိုင်မာတဲ့ ယုံကြည်မှုရှိသူ တစ်ယောက်ပါ" ဟု Ms. Howard က ဆိုပါသည်။ "လူတိုင်းကို တန်းတူရည်တူရှိမှုနဲ့ လေးစားမှုဖြင့် ဆက်ဆံသင့်ပါတယ်။"

DSA ၏ ကျောင်းအုပ်ကြီး Dr. Keith Jones က Ms. Howard သည် သူမနှင့် တွေ့သမျှလူတိုင်းကို အပြုသဘောဆောင်သော စိတ်အားထက်သန်မှုအပေါ် သက်ရောက်မှုရှိသော ဝန်ထမ်းကောင်းတစ်ဦးအဖြစ် ချီးကျူးခဲ့သည်။

"Ms. Howard က ဒီအဖွဲ့အစည်းကို အတူတကွစွဲကိုင်ထားတဲ့သူဖြစ်ပါတယ်။ သူမရဲ့ တည်ရှိမှုက ခွန်အားကျဖြစ်စေပြီး သူမမှာ ကြိုးဆိုမှုနဲ့ ယုံကြည်မှုအပြည့်ရှိတဲ့ ကိုယ်ရည်ကိုယ်သွေး ရှိသူလည်းဖြစ်ပါတယ်" ဟု Dr. Jones က ပြောကြားခဲ့သည်။ "သူမဟာ စိတ်ရှုပ်ထွေးနေချိန်တွေမှာ စိတ်သက်သာရင်းလင်းမှု အခိုက်အတန့်တွေကို ပေးစွမ်းတယ်၊ ဝမ်းနည်းတဲ့အချိန်တွေမှာ အချိန်မီ အားပေးစကားတွေ၊ ပြီးတော့ တခြားသူတွေကို အလင်းမြင်နိုင်စေမယ့် လမ်းကြောင်း အမြဲပေးဆောင်သူဖြစ်တယ်။ သူမဟာ DSA မိသားစုအတွက် အရာအားလုံးအရေးပါသူပါ။"

Ms. Howard ၏ပြောဆိုမှုအရ DSA တွင် အလုပ်၏ အကောင်းဆုံး အစိတ်အပိုင်းမှာ အလွန်ကောင်းမွန်သော အလုပ်ပတ်ဝန်းကျင်ဖြစ်ပါသည်။ ကျောင်းသားများသည် သူမ၏ရုံးခန်းသို့ သီချင်းဆိုရန်၊ ကခုန်ရန်၊ ဇာတ်လမ်းလေ့ကျင့် ဖျော်ဖြေရန် သို့မဟုတ် သူမအား နှုတ်ဆက်ရန် မကြာခဏ လာရောက်လေ့ရှိသည်ဟု သူမက ပြောပြပါသည်။

"DSA စီမံခန့်ခွဲသူများနဲ့ ဝန်ထမ်းတွေဟာ ကျောင်းသားတွေရဲ့အောင်မြင်မှုရရှိစေရေးအတွက် အဖွဲ့တစ်ဖွဲ့အဖြစ် အတူတကွ လုပ်ဆောင်ကြပါတယ်" ဟု သူမက ထပ်လောင်းပြောကြား ခဲ့သည်။ "ကျွန်မတို့အားလုံးမှာ ကျွန်မတို့ရဲ့အခန်းကဏ္ဍတွေရှိပေမယ့်လည်း ကျွန်မတို့ရဲ့ တန်ဖိုးအရှိဆုံးသောသက်ဆိုင်သူတွေ- ကျွန်မတို့ရဲ့ကျောင်းသားတွေကိုအစေခံပေးဖို့မှာ ကျွန်မတို့ အမြဲအတူတကွ လာရောက်လုပ်ဆောင်ကြတာကိုနစ်သက်တယ်။"

Ms. Howard က သူမ၏အမွေသည် ကြင်နာမှု၊ ကရုဏာနှင့် တရားမျှတမှု စသည့် သူမ၏ အဓိကတန်ဖိုးများကို ထင်ဟပ်စေမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ကျောင်းနေစဉ်အချိန်အတွင်း မည်ကဲ့သို့ ရှင်လန်းနေမည်ကို မိဘတစ်ဦးက မေးမြန်းသောအခါ သာဓကတစ်ခုကို သူမ မျှဝေခဲ့သည်။ တုံ့ပြန်ဖြေကြားမှုတွင် သူမ၏နေ့စဉ်အလုပ်များနှင့် အပြန်အလှန် ဆက်ဆံမှုများသည် သူမ မည်သူဖြစ်သည်ကို ဖော်ပြခြင်းသာဖြစ်ကြောင်း ရှင်းပြခဲ့သည်။

"ကျွန်မရဲ့ အခန်းကဏ္ဍက ကျွန်မ ကိုယ်တိုင်၊ DSA နဲ့ ခရိုင်တစ်ခုလုံးကို ရောင်ပြန်ဟပ်စေဖို့ပါ" ဟု သူမ ဆိုပါသည်။ "ကျွန်မ နေ့စဉ်ကြုံတွေ့ရသူတိုင်းကို ကျွန်မရဲ့ကိုယ်ပိုင်အဓိကတန်ဖိုးတွေနဲ့ ပြောဆိုဆက်ဆံတယ်။ ဒီတန်ဖိုးတွေ အမြဲတည်ရှိနေမယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။"

XXX